လူသာမန်

# ငါတို့ ဘာလို့စာမဖတ်ကြတာလဲ



## စာဖတ်သူများသို့

စာဖတ်သူများ အနေဖြင့် စံပယ်စာအုပ်မှ ထုတ်ဝေဖြန့်ချိသည့် စာပေများနှင့် ပတ်သက်ပြီး ဝေဖန် အကြံပြုလိုသည်များကို စံပယ်စာအုပ် တိုက်သို့ စာဖြင့် လည်းကောင်း၊ ဖုန်းဖြင့် လည်းကောင်း၊ အီးမေးလ်ဖြင့် လည်းကောင်း၊ Facebook မှ လည်းကောင်း ဝေဖန် အကြံပြုနိုင်ပါသည်။

ဝေဖန် အကြံပြုလိုသူများ အနေဖြင့် အကြံပြုသူ၏ အမည်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ အီးမေးလ်ရှိပါက အီးမေးလ် အကောင့်များကို ဖြည့်စွက်ရေးသားပြီး စံပယ် စာအုပ်တိုက်သို့ အကြံပြုစာလွှာများကို တိုက်ရိုက် ပေးပို့နိုင်ပါသည်။

စာဖတ်သူများ၏ အကောင်းဆုံး အကြံပြုစာလွှာ ရေးသားပေးပို့ သူသုံးဦးကို စံပယ်စာအုပ်တိုက်မှ ကျေးဇူး တုံ့ပြန်သောအားဖြင့် အသစ် ထွက်ရှိသည့် စာအုပ်အား အိမ်အရောက် လက်ဆောင်အဖြစ် ပေးပို့သွားမည် ဖြစ်ပါသည်။

စံပယ်စာအုပ်

အယ်ဒီတာအဖွဲ့

***

ထုတ်ဝေသူ အမှာ

ပွင့်လင်းမြင်သာသော ခေတ်ကြီးနှင့်အတူ စာပေ လွတ်လပ်ခွင့်လည်း တစ်စုံတစ်ရာ ရရှိနေသော ကာလ ဖြစ်၍လားမသိ။ စာပေလောက စာပေဈေးကွက်မှာလည်း မျက်နှာစာတစ်မျိုး ပြောင်းလဲသွားသည်ကို တွေ့ရသည်။

ဥပဒေကြောင်းရာ နားလည်သူတွေ စာရေးဆရာဖြစ်လာသလို နိုင်ငံရေးနှင့် ထောင်ကျဖူးသူ တွေလည်း စာရေးဆရာတွေ ဖြစ်လာတာ တွေ့ရသည်။ လူတွေကလည်း နှစ်ပေါင်းငါးဆယ်ခန့် အမှောင်ကျခဲ့လို့လားမသိ။ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် အရေးအခင်း ပေါင်းစုံ အဖြစ်အပျက်တွေကိုပဲ စိတ်ဝင်စားကြသည်။ ထိုအကြောင်းအရာ မျိုးတွေပါသော စာအုပ်တွေကိုပဲ ဝယ်ဖတ်ကြသည်။ စာအုပ်ဆိုင်တွေကလည်း ထိုစာအုပ်မျိုးတွေကိုပဲ လူမြင်သာသော မြင်ကွင်းတွင် အပြားလိုက်၊ အပုံလိုက်ထပ်ပြီး ရောင်းကြသည်။

အခြားသော ရသနှင့် သုတစာအုပ်များကား စာအုပ် အရောင်းဆိုင်တွင် မျက်နှာငယ်စွာ စာကြည့်တိုက်မှာ ထားသကဲ့သို့ ဒေါင်လိုက်ထောင်ထားသည်ကို တွေ့ရသည်။ ဘယ်သူ့အတွက် ဝမ်းသာ၍၊ ဘယ်သူ့အတွက် ဝမ်းနည်းရမည်လဲ အတော် ဝေခွဲရခက်သော အခြေအနေမျိုးဟု ပြောလျှင်ရမည်ထင်ပါသည်။

သည်ကနေ့ နိုင်ငံတော်သည် ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ ဦးတည် ချီတက်နေသော ကာလဖြစ်သည်။ ခရီးလမ်းကား ပန်းခင်းသောလမ်း မဟုတ်။ ခလုပ်ဆူးငြောင့်နှင့် အဖုအထစ်တွေက များလှသည်။ အရေးအခင်း တွေကလည်း ဟိုနေရာက ပေါ်လာ၊ သည်နေရာက ပေါ်လာနှင့်။ လက်ပံ တောင်းအရေးအခင်း၊ မြစ်ဆုံစီမံကိန်း ပြဿနာမှသည် သံတွဲ၊ ကျောင်းကုန်း အရေးအခင်းအထိ တစ်မျိုးပြီး တစ်မျိုး မရိုးနိုင်သလို ဖြစ်

နေသည်။ သည်ကြားထဲ လောလောလတ်လတ် ပေါ်လာသည့် လျှပ်စစ်ဓာတ်အားခ ပြဿနာက တစ်မျောင့်။ ဒါတွေဟာ ဒီမိုကရေစီ အရသာလားဟု အထင်မှားရမလို ဖြစ်နေသည်။

သည်လို အခြေအနေမျိုးတွင် စာရေးဆရာ ဝင်းထွဋ်မှုဇော်က ဒီမို ကရေစီဆိုတာ ဘာလဲ။ ဒီမိုကရေစီရဲ့ အရသာဆိုတာ ဘယ်လိုလဲ။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဒီမိုကရေစီ ခရီးကြမ်းနဲ့ ထိကပါး ရိကပါးများ၊ လက်ပံတောင်းတောင်ဟာ ဒီမိုကရေစီ လမ်းခွဲဖြစ်လာမယ့်နေရာ တစ်ခုလား။ ဒီမိုကရေစီ အင်အားစုအားလုံး ညီညွတ်ရေးသည် မရှိမဖြစ် လိုအပ်ချက်။ ဒီမိုကရေစီ သန္ဓေသားလောင်းနှင့် စိန်ခေါ်မှုများ၊ စမ်းသပ်မှုများ။ ဒီမိုကရေစီ နိုင်ငံရေးနှင့် အကြမ်းဖက်မှု ပြဿနာ၊ ဒီမိုကရေစီခေတ်နှင့် စာပေ လွတ်လပ်ခွင့်။ ဒီမိုကရေစီ အရေးတော်ပုံ သမိုင်းပြုစုရန် အချိန်တန်ပြီ။ ပြီးတော့ **ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်လာမယ်ဆိုရင်** စသည်ဖြင့် ဒီမိုကရေစီနှင့် နိုင်ငံရေးဆောင်းပါး ၂၅ ပုဒ်ကို ရန်နံ့သစ်မဂ္ဂဇင်းနှင့် ပြည်သူ့ ခေတ်ဂျာနယ်တို့တွင် ပွင့်ပွင့်လင်းလင်း ရေးသားတင်ပြခဲ့ပါသည်။ စိတ်ဝင်စား စရာကောင်းပါ၏။ ယခု ဤစာအုပ်သည် ထိုဆောင်းပါး ၂၅ ပုဒ်ကို စုစည်း ထားသည့် စာအုပ်ဖြစ်၏။

လူသည် နိုင်ငံရေး၏ သတ္တဝါဖြစ်၏။ ထို့ကြောင့် လူသည် နိုင်ငံရေးနှင့်ကင်းလို့မရ။ နိုင်ငံအတွင်း၌ ဖြစ်နေသော နိုင်ငံရေး ဟူသမျှသည် ဤနိုင်ငံအတွင်း၌ မှီတင်းနေထိုင်သော လူသားအားလုံးနှင့် သက်ဆိုင်သည်သာဖြစ်၏။ သို့ပါ၍ ဒီမိုကရေစီကို စိတ်ဝင်စားသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကို မျှော်မှန်း တောင့်တသော လူသားတို့အတွက် စာရေးဆရာ ဝင်းထွဋ်မှုဇော်၏ ဤဆောင်းပါးများသည် တစ်စုံတစ်ရာ အကျိုးပြုမည်ဟု ယုံကြည်ပါသည်။ မူလကနဦး ဖော်ပြခဲ့သည့် မဂ္ဂဇင်း၊ ဂျာနယ် အယ်ဒီတာများကို

လည်း ကျေးဇူး အထူးတင်ပါသည်။ ဤစာအုပ်မျိုး ထုတ်ဝေခွင့်ရသဖြင့် ကျွန်တော်တို့ စံပယ်စာအုပ်တိုက်မှ ဝမ်းသာဂုဏ်ယူမိပါသည်။

**စာဖတ်သူများ၏ အကျိုးကို အမြဲမျှော်ကိုးလျက်**

စာပေသစ္စာဖြင့်

ထုတ်ဝေသူ

စံပယ်စာအုပ်

***

## ဤစာအုပ်နှင့်ပတ်သက်၍ ....

ဤစာအုပ်နှင့် ပတ်သက်၍ ...

ဒီစာအုပ်က စာဖတ်ခြင်းနဲ့ ပတ်သက်တဲ့ ဆောင်းပါး ၁၈ပုဒ်ကို စုစည်း ထုတ်ဝေလိုက်တာပါ။ ပြင်ပ စာဖတ်နှုန်းတွေ ကျဆင်းလာရတဲ့ အကြောင်း၊ အပေါ်စား စာပေတွေထဲမှာ နစ်နစ်နေခဲ့ရင် ဘယ်လို ရုန်းထွက်သင့်တယ် ဆိုတဲ့အကြောင်း၊ ဝါရင့် စာဖတ်သမားကြီးတွေရဲ့ စာဖတ်နည်း လမ်းညွှန်ချက်တွေ၊ ဘဝမှာလက်တွေ့ အကျိုးရှိစေတဲ့ စာဖတ်နည်းတွေ၊ စာဖတ်တာကနေ သေချာပေါက်ရနိုင်တဲ့ အကျိုးကျေးဇူးတွေ၊ 'စာတောက်'မှု မဖြစ်အောင် ရှောင်ရှားနိုင်ပုံတွေ၊ စာပေ မွေ့လျော်မှုကို ကိုယ်တိုင် ပျိုးထောင်ရယူနိုင်ပုံ၊ စာဖတ်ချိန်ကို ရှာဖွေရယူသင့်ပုံ၊ စာပေ ကြိုက်နှစ်သက်မှု ကျယ်ပြန့်လာအောင် ကြိုးပမ်းနိုင်ပုံ၊ အတ္ထုပ္ပတ္တိစာပေနဲ့ ဂန္ထဝင်စာပေရဲ့ အရေးပါ အရာရောက်ပုံ၊ စာဖတ်တာနဲ့ ဘဝရည်မှန်းချက် ဆက်စပ်ပုံ စသဖြင့် တစ်ချက်နဲ့တစ်ချက် တသီးတသန့် ခွဲခြားပစ်လို့ ရခဲ့ရင်တောင် ဆက်စပ်မြဲ

ဆက်စပ်နေမယ့် အကြောင်းအရာတွေကို ရေးသား ဖော်ပြ ထားတာပါ။

ဖော်ပြချင်တဲ့ အကြောင်းအရာတိုင်းကို စာဖတ်သူ ရှင်းရှင်းလင်းလင်း နားလည်နိုင်ဖို့အတွက် အချက်အလက်နဲ့ ခွဲခြမ်းစိတ်ဖြာပြဆိုတဲ့ ဆောင်းပါးတွေ ဖြစ်အောင် ကျွန်တော် အားထုတ်ပါတယ်။ အချက်အလက်နဲ့ ခွဲခြမ်းစိတ်ဖြာပြ ဆိုထားတဲ့ မူရင်း ဆောင်းပါးတွေကို တတ်နိုင်သမျှ ရှာဖွေပြန်ဆိုပါတယ်။ အချက်အလက်နဲ့ ပြဆိုတဲ့ အယူအဆတွေ အားကောင်းအောင် သာဓကတွေ၊ ဥပမာတွေနဲ့ ဖြည့်စွက်ပါတယ်။

ဒီစာအုပ်ရဲ့ အမည်က 'ငါတို့ ဘာလို့ စာဖတ်ကြတာလဲ' ဖြစ်လို့ စာဖတ်ရတဲ့ အကြောင်းအရင်းတွေကိုပဲ ရှင်းလင်း စိတ်ဖြာပြထားတာ မဟုတ်ပါဘူး။ 'ငါတို့ ဘာလို့ တွေးခေါ်တတ်ဖို့ လိုတာလဲ'၊ 'ငါတို့ ဘာလို့ စာဖတ်ချိန် ပျိုးထောင် ဖို့လိုတာလဲ'၊ 'ငါတို့ အပျော်ဖတ် စာပေနွံထဲက ဘယ်လို ရုန်းထွက်ရမှာလဲ'၊ 'ဘယ်စာအုပ်တွေကို ငါတို့ ဖတ်ဖို့လိုတာလဲ'၊ 'ဘယ်လို စာဖတ်နည်းတွေကို ငါတို့ ကျင့်သုံးကြရမှာလဲ'၊ 'ငါတို့ ဖတ်သင့်တဲ့ စာအုပ်ဆိုတာကို ဘယ်လိုအချက် အလက်တွေနဲ့ တိုင်းတာ ဆုံးဖြတ်ကြရမှာလဲ'၊ 'စာမဖတ်ရင် ငါတို့ ဘာဖြစ်ကြမှာလဲ'၊ 'စာဖတ်တာများရင် ငါတို့ ဘာဖြစ်ကြမှာလဲ'၊ 'စာဖတ်တာကနေ ဘယ်လို အကျိုး ကျေးဇူးတွေကို ငါတို့ရရှိကြမှာလဲ' စတဲ့ မေးခွန်းပေါင်းများစွာ ကိုလည်း ရှင်းလင်းစိတ်ဖြာ ဖြေဆိုပေးထားတာပါ။

ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလမှာ ကျွန်တော့်အသက် ၂၆ နှစ် ပြည့်ခဲ့ပါတယ်။ ဒီအသက် ဒီအရွယ်အထိ တောက်လျှောက် မရပ်မနား စွဲစွဲမြဲမြဲ လုပ်လာခဲ့တဲ့ အလုပ်ကို ပြောပါဆိုရင် 'စာဖတ်ခြင်းနဲ့ မှတ်စုထုတ်ခြင်း' သာရှိပါတယ်။ ဘဝမှာ ဘာဖြစ်ချင်သလဲ ဆိုရင်လည်း ငယ်ဘဝကပဲစလို့ ပြန်ဖြေခဲ့တာက 'စာရေးဆရာ' ပါ။

ကျွန်တော့်အသက် ၁၆ နှစ် ဝန်းကျင်လောက်မှာ စာဖတ်ခြင်းကို ယခင်ထက်ပိုပြီး စနစ်တကျဖြစ်တဲ့ ပုံသဏ္ဌာန်နဲ့ ဖတ်ရှုဖို့ ကိုယ်တိုင် အသွင်ပြောင်း ခဲ့တယ်။ စာရေးဆရာ တစ်ယောက် ဖြစ်နိုင်ဖို့အတွက် ကိုယ့်ကိုယ်ကိုယ် တောက်လျှောက် ပျိုးထောင်ခဲ့တယ်။ ဒါပေမဲ့ ပို့သမျှ ဘယ်စာမူမှ မပါဘူး။ မပါလည်း ပို့မြဲဆက်ပို့ပါတယ်။ ၂၀၀၈ ခုနှစ်မှာမှ ကျွန်တော့်ဘဝရဲ့ ပထမဦးဆုံးအဖြစ် ဆောင်းပါးတစ်ပုဒ်ကို Beauty Max မဂ္ဂဇင်းမှာ ဖော်ပြခြင်း ခံခဲ့ရတယ်။ ဒါပေမဲ့ စာမူပါလို့ အပျော်ဆုံး ဖြစ်ခဲ့ရတဲ့ ကာလကတော့ ဆရာမောင်ဝံသရဲ့ အတွေးအမြင် စာစဉ်မှာ စာမူသုံးပုဒ် ပါခဲ့တုန်းကပါ။ စာရေးဆရာ ဖြစ်နိုင်ပါ့မလား ဆိုပြီး ပျောက်လုလုဖြစ်နေတဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုဟာလည်း အတွေးအမြင်မှာ စာမူပါခဲ့တာကြောင့် ခိုင်မာမြဲမြံ သွားခဲ့ပါတယ်။

စာပေလောကနဲ့ မရင်းနှီးလို့ တူဒေး စာအုပ်တိုက်မှာ လွန်ခဲ့တဲ့ သုံးနှစ်ကဝင်လုပ်ကြည့်ခဲ့တယ်။ Proof ဖတ်ရတယ်၊ ဖိတ်ကြားတဲ့ ပွဲတွေတက်ရတယ်၊ သတင်း ပြန်ရေးရတယ်၊ စာတွေ လိုက်ပို့ရတယ်၊ နိုင်ငံတကာ သတင်းတွေဘာသာပြန်ရတယ်။ ကျွန်တော်ရေးချင်တဲ့စာမျိုးတွေရေးနိုင်မယ့် အခွင့်အလမ်း အစအနတောင် မတွေ့ရဘူး။ စာတွေပို့ရင်း၊ ပွဲသတင်းတွေ ရေးရင်းနဲ့ ကျွန်တော့် အသိဉာဏ်ကို ကျွန်တော့်ဘာသာ စိတ်ပျက်လာမိတယ်။ ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်လက်ပျက် ဖြစ်နေပေမဲ့လည်း စာတွေကိုတော့ ဆက်ရေးမြဲရေးတယ်။ ကျွန်တော် ဘယ်လိုမှ မပျော်တော့တဲ့ တူဒေး စာအုပ်တိုက်ကနေ ထွက်စာတင်ပြီး ထွက်လိုက်တယ်။

ရေးဖို့ စုဆောင်းထားတဲ့ စာမူတွေကို အတိုးချပြီး ရေးဖြစ်ခဲ့တယ်။ စာမူတွေ ဟိုမှာဒီမှာ ပိုပိုပါလာတော့ စာရေးမြဲ ရေးချင်နေတဲ့ စိတ်က ပိုပြီး လူးလွန့် လှုပ်ရှားလာတယ်။ သွက်လာတယ်။ နောက်တော့ Eternal Light

မဂ္ဂဇင်းတိုက်မှာ ဝင်လုပ်ဖြစ်တယ်။ အင်တာဗျူးတွေနဲ့ စာမူတွေကို လွတ်လပ်တဲ့စိတ်နဲ့ ကောင်းကောင်းရေးဖြစ်နိုင်ခဲ့တယ်။

စာရေးဖြစ်လာတဲ့ နောက်မှာတော့ ကျွန်တော်ရေးဖြစ်တဲ့ စာမူတွေကို ပို ပြီး အထောက်အကူ ဖြစ်စေတဲ့ စာအမျိုးအစားတွေကိုသာ ရွေးချယ်ဖတ် ဖြစ်တော့တယ်။ စာဖတ်သူတွေနဲ့ စကားတွေ ပိုပြောဖြစ်လာတယ်။ စာဖတ် နေတဲ့ သူတွေဆီက စာဖတ်နေတဲ့ ရည်ရွယ်ရင်းတွေ မေးမြန်းဖြစ်တယ်။ စာပေနဲ့သူတို့ ရင်းနှီးကျွမ်းဝင် လာပုံတွေကို စေ့ငုတယ်။ စာဖတ်ဝိုင်းတွေကို ဂရုတစိုက် သွားဖြစ်တယ်။ သူတို့ဖတ်တဲ့ စာအမျိုးအစားတွေကို မှတ်သား တယ်။ သူတို့ မေးမြန်းတဲ့ မေးခွန်းတွေကို ဖြေဆိုဖြစ်တယ်။ နောက်တော့ အဲဒီ မေးခွန်းတွေကို စာမူအဖြစ်နဲ့ ဖြေဆိုထားရင် ပိုကောင်းမယ်လို့ စဉ်းစား မိတယ်။ ရှေးရှေး ကတည်းက ဒီမေးခွန်းတွေကို ဖြေဆိုခဲ့တဲ့ မြန်မာစာရေး ဆရာကြီးတွေရဲ့ ဆောင်းပါးတွေကို ပြန်ဖတ်တယ်။ သုတေသန အချက်အလက်တွေ အားကိုးနဲ့ သိပ်ပြီးခွဲခြမ်း စိတ်ဖြာမှုအား ကောင်းတဲ့ အနောက်တိုင်း စာရေးဆရာတွေရဲ့ မူရင်း စာမူတွေကို အသေးစိတ် ရှာဖွေ ဖတ်ရှုတယ်။ စစ်ထုတ်ယူတယ်။ ဆီလျော်အောင် ဘာသာပြန်တယ်။ ကျွန် တော့် အသိအမြင်၊ အတွေ့အကြုံတွေနဲ့ ပေါင်းစပ်တယ်။ အခုဒီစာအုပ်ကို စာဖတ်သမားတွေရဲ့ လက်စွဲစာတစ်အုပ် ဖြစ်စေလိုတဲ့ ကြိုးပမ်းမှုတွေနဲ့ စုစည်းလိုက်တာပါ။

If you would not be forgotten, as soon as you are dead and rotten, either write things worth reading, or do things worth writing.

သင်သေဆုံးပြီး ပုပ်ဆွေးသွားတာနဲ့ တစ်ပြိုင်နက် လူတွေက သင့်ကို မေ့ သွားတာမျိုး မဖြစ်ချင်ရင် ဖတ်ထိုက်တာတွေကို ရေးပါ၊ ဒါမှ မဟုတ်ရင် တော့ ရေးထိုက်တာတွေကို လုပ်ပါ။

အမေရိကန် စာရေးဆရာကြီး ဘန်ဂျမင် ဖရန်ကလင်ရဲ့ လေးနက်တဲ့ စကားတစ်ခွန်းပါ။ ဖတ်ထိုက်တဲ့ စာတစ်အုပ်ကို ကျွန်တော် ရေးသားစုစည်း ဖြစ်ခဲ့တယ်လို့ ခံယူမိပါတယ်။ စာဖတ်သူ အဆွေရဲ့ သဘောထားမှတ်ချက်နဲ့တော့ ကွဲလွဲချင် ကွဲလွဲနေမှာပါ။

စာဖတ်ခြင်းနဲ့ ပတ်သက်တဲ့ နောက်ထပ် စာတစ်အုပ်ကိုလည်း ထပ်မံ စုစည်းနေပါတယ်။ ဒီစာအုပ်ထဲမှာ မဖြေဆိုရသေးတဲ့ မေးခွန်းတွေကို ထပ်မံ ဖြေဆိုထားတဲ့ စာတစ်အုပ်ပဲဆိုပါတော့။

ဒီစာအုပ်ထုတ်ဖြစ်တဲ့အတွက် ကျွန်တော်စာရေးတာကို တစ်ဦးတည်း သောအားပေးသူဖြစ်တဲ့ ကျွန်တော့်**အရီးမေ**ကို ကျေးဇူးမှတ်တမ်း တင်ချင်ပါတယ်။ ကျွန်တော့် စာတွေဖတ်မိတိုင်း ရောက်နေတဲ့ မြို့တွေကနေ ဖုန်းလှမ်းလှမ်း ဆက်တတ်တဲ့ ညီအစ်ကိုနှစ်ယောက် ကိုဇေယျာတိုးနဲ့ ဆက်ပိုင်တို့ကိုလည်း ကျေးဇူးမှတ်တမ်း တင်အပ်ပါတယ်။

ကျွန်တော့် စာမူတွေကို ထည့်သွင်းဖော်ပြပေးခဲ့တဲ့ Living Color Magazine, The Voice Weekly, The Voice Daily, New Style Magazine, Eternal Light Magazine နဲ့ မဟေသီ ရုပ်စုံမဂ္ဂဇင်းတို့ကိုလည်း ကျေးဇူးမှတ်တမ်းတင်အပ် ပါတယ်။ ဒီစာအုပ် တစ်အုပ်လုံးကို ကျွန်တော့် စိတ်ကြိုက်ပုံစံအတိုင်း လုပ်ကိုင် ပေးခဲ့တဲ့ စံပယ်စာအုပ်တိုက်ကိုလည်း ကျေးဇူးအထူး တင်ရှိပါတယ်။

ဒီစာအုပ်ကို ကျွန်တော်ကိုယ်တိုင်ပဲ Proof ငါးကြိမ် ဖတ်ဖြစ်ခဲ့တယ်။ Layout မချခင် နှစ်ကြိမ်၊ Layout ချပြီး သုံးကြိမ် ဖတ်ဖြစ်ခဲ့တာပါ။ ဒါတောင်မှ သတ်ပုံ အမှားအယွင်းတွေ ပါနေသေးရင် ကျွန်တော့် ညံ့ဖျင်းမှုကြောင့်သာ ဖြစ်ပါကြောင်း ကြိုတင် ဝန်ခံလိုက်ပါတယ်။

ကျွန်တော့်စာအုပ်ကို မြန်မြန် ထွက်စေချင်နေတဲ့ စာဖတ်သမား

သူငယ်ချင်း တစ်ယောက်က ဒီစာအုပ်စာမူချောကို ကျွန်တော့်ဆီက တောင်း ယူကြည့်တယ်။ ပြီးတော့ ကျွန်တော့်ကို အလန့်တကြား မေးတယ်။

"ဟား ... စာရေး ဆရာပုံတွေက စုံလှချည်လား၊ ဘာလို့ ဒီလို ထည့်ထားရ တာလဲကွ" တဲ့။

ကျွန်တော်လည်း ခပ်ပြတ်ပြတ်ပဲ ပြန်ဖြေဖြစ်တယ်။

" လမ်းတွေ့ရင် မှတ်မိအောင်လို့"။

လူသာမန်

6.2.2014, 10:27 pm

***